ပုံစံ(၁၁)

စာအမှတ်………
ရက်စွဲ………

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂/၂၀၁၇)

ဒေါ်နန်းစံဆိုင်(MD)၊
ဒေါ်နိုင်နိုင်ဆင့် (Admin Manager၊အလုပ်ရှင်၏
အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊
Charming Garments MFG Co.,Ltd၊
အမှတ်-၃၈၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်(၂)၊
လှိုင်သာယာမြို့နယ်။ } လျှောက်ထားသူ

နှင့်

ဒေါ်သီတာလှိုင်(ပါ ) အလုပ်သမား (၂၈)ဦး
အမှတ်-၁/၁၁/၃၄၈၊ ၁၁ ကွေ့၊ မိုလ်တိုက်ချွန်းလမ်း၊
လှိုင်သာယာမြို့နယ်။ } လျှောက်ထားခြင်းခံရသူများ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၃ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၃၈ရှိ Charming Garments MFG Co.,Ltd၊ ဒေါ်နန်းစံဆိုင် (MD)၊ ဒေါ်နိုင်နိုင်ဆင့် (Admin Manager၊ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်သီတာလှိုင်(ပါ ) အလုပ်သမား(၂၈)ဦးတို့အကြား ဖြစ်ပွားကြသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၄၂/၂၀၁၆)အရ ထိုအငြင်းပွားမှု ကိုကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်သီတာလှိုင်(ပါ ) အလုပ်သမား (၂၈)ဦးတို့မှ တောင်းဆိုခြင်းခံရသူထံတွင် ၂၆-၁၀-၂၀၁၆ ရက်နေ့တွင် နစ်နာကြေးရယူပြီး နုတ်ထွက်လိုကြောင်း စာရင်းပေးသွင်းထားသည်ကို အလုပ်ရှင်မှနုတ်ထွက်ခွင့်မပြုသဖြင့် နုတ်ထွက်ခွင့်ပြုရန် တောင်းခံသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ၁၃ | ဒေါ်စုစုလှိုင် | ၁၃၀,၃၇၅ | ၆ လစာ | ၇၈၂,၂၅၀ |
| ၁၄ | ဒေါ်ပိုးအိစံ | ၁၂၅,၆၅၀ | ၄ လစာ | ၅၀၂,၆၀၀ |
| ၁၅ | ဒေါ်အိအိထွေး | ၁၂၅,၉၇၅ | ၄ လစာ | ၅၀၃,၉၀၀ |
| ၁၆ | ဒေါ်ဇင်မိမိဝင်း | ၁၇၈,၉၂၂ | ၅ လစာ | ၈၉၄,၆၁၀ |
| ၁၇ | ဒေါ်ဆွေဆွေသန့် | ၁၇၃,၁၃၅ | ၄ လစာ | ၆၉၂,၅၄၀ |
| ၁၈ | ဒေါ်နှာမ့်ဇင်မာထွေး | ၁၅၃,၄၆၂ | ၅ လစာ | ၇၆၇,၃၁၀ |
| ၁၉ | ဒေါ်တင်နီလာဦး | ၁၄၅,၈၂၇ | ၈ လစာ | ၁,၁၆၆,၆၁၆ |
| ၂၀ | ဒေါ်မေဇင်မြင့် | ၁၄၄,၇၉၈ | ၄ လစာ | ၅၇၉,၁၉၂ |
| ၂၁ | ဒေါ်မေသက်ပိုင် | ၁၈၂,၂၈၅ | ၄ လစာ | ၇၂၉,၁၄၀ |
| ၂၂ | ဒေါ်နွယ်နွယ်အေး | ၁၆၃,၉၈၆ | ၆ လစာ | ၉၈၃,၉၁၆ |
| ၂၃ | ဒေါ်ဓာဓာမြင့် | ၁၆၅,၉၃၁ | ၆ လစာ | ၉၉၅,၅၈၆ |
| ၂၄ | ဒေါ်ကြည်ကြည်အေး | ၁၅၂,၄၅၁ | ၅ လစာ | ၇၆၂,၂၅၅ |
| ၂၅ | ဒေါ်တင်တင်ထွေး | ၁၇၃,၆၁၀ | ၈ လစာ | ၁,၃၈၈,၈၈၀ |
| ၂၆ | ဒေါ်မြင့်မြင့်ထွေး | ၁၅၀,၅၁၁ | ၈ လစာ | ၁,၂၀၄,၀၈၈ |
| ၂၇ | ဒေါ်ယုမာလာမြင့်(Line-4) | ၁၂၅,၈၀၀ | ၄ လစာ | ၅၀၃,၂၀၀ |
| ၂၈ | ဒေါ်နိုင်နိုင်ဝင်း | ၁၆၄,၉၄၉ | ၈ လစာ | ၁,၃၁၉,၅၉၂ |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၁၄၂/၂၀၁၆) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာ သဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၂/၂၀၁၇) အား ကြားနာ စစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဆိုပါအမှုတွဲကို လက်ခံရရှိပြီးနောက် ၃-၂-၂၀၁၇ ရက်နေ့ တွင် အလုပ်ရှင်၊ အလုပ်သမားများကို တွေ့ဆုံစစ်ဆေး၍ ထွက်ဆိုချက်များကို ရယူခဲ့ပါသည်။

မေးမြန်းချက်များကိုဆောင်ရွက်ရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုခဲ့သည့်မှတ်တမ်းများနှင့်နှစ်ဦးနှစ်ဖက်တို့မှ တင်ပြလာသော စာရွက်စာတမ်းအထောက်အထားများအပေါ် အခြေခံ၍ ခုံအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ကောက်ချက်ကိုပြုစုခဲ့ပါသည်။

**ကောက်ချက်အမှတ်(၁)။** စက်ရုံမှ လူအင်အား လျှော့ချသည့်စာရင်းတွင် ထည့်သွင်းခဲ့သည့် ဒေါ်သီတာလှိုင်(ပါ ) အလုပ်သမား (၂၈)ဦးတို့အား ဥပဒေနှင့်အညီ ခံစားခွင့် ရသင့်/မရသင့်။

**သုံးသပ်ချက် (၁)**

၇။ တောင်းဆိုသူ အလုပ်ရှင်ကိုယ်စား ဒေါ်နိုင်နိုင်ဆင့်(Admin Manager)မှ တင်ပြရှင်းလင်းခဲ့သည်မှာ ၂၆-၁၀-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော စက်ရုံရှိဝန်ထမ်းများအားလုံးသိစေရန် ကြော်ငြာစာတွင် စက်ရုံရေရှည်လည်ပတ်နိုင်ရန်အတွက် အလုပ်သမားအင်အား လျှော့ချရန်လိုအပ်နေကြောင်း၊ မည်သည့်ဝန်ထမ်းမဆို မိမိသဘောဆန္ဒအလျောက် အလုပ်မှထွက်လိုပါက စက်ရုံစီမံဌာနသို့ ၃၁-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဥပဒေအရနစ်နာကြေးပေးဆောင်သွားမည်ဖြစ်ကြောင်း ဦးစွာကြေငြာခဲ့ပါသည်။ ၂၇-၁၀-၂၀၁၆ ရက်စွဲဖြင့် နောက်ထပ်မံ၍ ပြင်ဆင်ထုတ်ပြန်ခဲ့ရာတွင် စုစုပေါင်းလုပ်သားအင်အား (၂၀၀)ခန့်လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် အဆောက်အဦ(၁)ရှိ စက်လိုင်းများသည် နေရာပြောင်းလဲရန် မလိုအပ်သောကြောင့် အဆောက်အဦ(၁)အတွင်းရှိ လုပ်သားများအား အင်အားလျှော့ချရာတွင် ပါဝင်မည်မဟုတ်ကြောင်း အသိပေးကြော်ငြာခဲ့ပါသည်။ သို့ဖြစ်၍ အလုပ်ရှင်မှ ဒေါ်သီတာလှိုင်(ပါ ) အလုပ်သမား(၂၈)ဦးတို့ကို လုံးဝလျှော့ချခြင်းပြု မည်မဟုတ်ဘဲ ဆက်လက်ခန့်ထားလိုကြောင်းဆန္ဒကိုထွက်ဆိုခဲ့ပါသည်။

၈။ စက်ရုံမှအလုပ်သမားများ၏ကိုယ်စား ဒေါ်သန္တာထက်အပါအဝင် အလုပ်သမားများ၏ ထွက်ဆိုချက်များအရ ယခုကဲ့သို့ကြေငြာရာတွင် ၂၆-၁၀-၂၀၁၆ ရက်နေ့တွင် ကြေငြာချက်အရ မိမိတို့အနေဖြင့် လူအင်အားလျှော့မည့်စာရင်းတွင် ဆန္ဒအလျောက်စာရင်းပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ မိမိတို့ (၂၈)ဦးထဲတွင် ကိုယ်ဝန်ဆောင်များ၊ ကျန်းမာရေးမကောင်းသူများ၊ ကိုယ်ပိုင်မရှိသောအိမ်ထောင်သည် ကလေးမိခင်များပါဝင်နေ၍ လိုအပ်သောဆေးကုသမှုနှင့် ရက်ရှည်အနားယူရန် အခြေအနေများရှိနေပါ၍ ယခုကဲ့သို့ လူအင်အားလျှော့ချမည့်စာရင်းတွင် ထည့်သွင်းခဲ့ပြီးဖြစ်၍ ထိုက်သင့်သည့်အလုပ်ရပ်စဲမှုနစ်နာကြေးများကိုသာ ရယူလိုပါကြောင်း ဆန္ဒထုတ်ဖော်အစစ်ခံခဲ့ကြပါသည်။

၉။ ဤအမှုဖြစ်စဉ်မှာ ထူးခြားသိမ်မွေ့ပြီး၊ အခြားသောအလုပ်ထုတ်ပယ်ခြင်း၊ အလုပ်ခန့်ခြင်း အငြင်းပွားမှုများနှင့်မတူ၍ ခုံအဖွဲ့သည် အဖက်ဖက်မှလည်းကောင်း၊ ရှုထောင့်အသီးသီးမှလည်းကောင်း ဆင်ခြင်၍ သုံးသပ်မိသည်မှာ လူအင်အားလျှော့သည့်စာရင်းမှပယ်ဖျက်၍ ဆက်လက်ခန့်

ထားမည့်အလုပ်သမားများ၏ ဆန္ဒသဘောထားကိုလည်းကောင်း၊ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက် ပြီးသည့်နောက် အကြောင်းအမျိုးမျိုးဖြင့် အပြစ်ရှာ၍ နစ်နာကြေးတစ်စုံတစ်ရာမပေးဘဲ၊ အလုပ်မှ ရပ်စဲခံရပါက ယခုကဲ့သို့ ခံစားခွင့်များကို အလုပ်သမားများအနေဖြင့် ဆုံးရှုံးသွားမည်ကို စိုးရိမ်မှုရှိနေ ကြောင်း သုံးသပ်မိပါသည်။ အလုပ်ရှင်အနေဖြင့် ၎င်း၏ကုန်ထုတ်လုပ်ငန်းတွင် ဦးဆောင်လည်ပတ် နိုင်သော ယခုအလုပ်သမားမျိုးကို လက်လွှတ်ခံလိုခြင်းမရှိ၍လည်းကောင်း၊ လတ်တလောထုတ်လုပ် မှုလိုင်းအသီးသီးတွင် ပြောင်းလဲဖြည့်တင်းနိုင်ရေးအတွက် အသုံးချလိုသော ဆန္ဒသဘောထားရှိနေ သည်ကို တွက်ဆမိပါသည်။

၁၀။ ဤဆန္ဒသဘောထားနှစ်ရပ်တို့သည် အငြင်းပွားမှုကိုဖြစ်စေသော အကြောင်းအရင်းတစ်ရပ် ဖြစ်၍ ပြီးပြတ်စေရန်ဆောင်ရွက်မှသာ နောင်ဖြစ်ပေါ်လာမည့် အငြင်းပွားမှုပဋိပက္ခများကို ရှောင်လွှဲ နိုင်စေရေးအတွက် နက်နဲစွာနှင့် လက်တွေ့ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို နှစ်ဦးနှစ်ဖက်တို့မှ လက်ခံအကောင်အထည်ဖော်နိုင်ရန် ဤဆုံးဖြတ်ချက်ကို ချမှတ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်သီတာလှိုင်(ပါ ) အလုပ်သမား(၂၈)ဦးအနက် သက်ဆိုင်ရာမြို့နယ ဆရာဝန်ကြီး/ လူမှုဖူလုံရေးအဖွဲ့၊ တာဝန်ခံဆရာဝန်ကြီးတို့၏ ကျန်းမာ ရေးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လူမှုရေးထောက်ခံ ချက်များကိုရရှိသူများသာလျှင် အလုပ်ရှင်သည် ၎င်းတို့၏ လုပ်သက် အလိုက်နစ်နာကြေးများကို ဥပဒေနှင့်အညီခံစားခွင့်ပေး၍ အလုပ်မှ နှုတ်ထွက်ခွင့်ပြုရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း(၇)ရက် အတွင်းပေး ရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးနေမင်း
အဖွဲ့ဝင်